


Volume III, Issue 45 3 July 2023

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီးသို့ နှောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ | ၁ |
| ၂ | ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ | ၃ |
| ၃ | မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှု ရက်ပေါင်း ၁၁၁၁ ရက်ရှိပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ | ၉ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ သံအမတ်ကြီးအား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ဂုဏ်ပြု ချီးမြှင့် | ၁၂ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား | ၁၅ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး | ၁၉ |


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သမြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ တက်ရောက်အားပေး | ၂၃ |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံ | ၂၄ |
| ၉ | ပြည်ထောင်စုဝန်ကြီးများ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလေ့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၂၅ |
| ၁၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီနှင့် ခနတိုင်းရင်းသားလူမျိုးများဒီမိုကရေစီ ပါတီတို့၏ လုပ်ငန်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေး | ၂၇ |
| ၁၁ | ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၂၉ |
| ၁၂ | ပြည်ထောင်စုဝန်ကြီးများက ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်း ဒုတိယဥက္ကဋ္ဌဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၃၀ |
| ၁၃ | ပြည်ထောင်စုဝန်ကြီးများ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ Rosatom မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Spasskiy Nikolay ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၃၂ |
| ၁၄ | ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၃ ကျင်းပ | ၃၃ |
| ၁၅ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ မြန်မာ-ရုရှား နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး | ၃၅ |
| ၁၆ | မြစ်ကြီးနားမြို့တွင် တရုတ်ကောင်စစ်ဝန် (၁) ဦး ပါဝင်သည့်အဖွဲ့အား နယ်ခြားစောင့်တပ်မှ ပစ်ခတ်သည်ဟု မီဒီယာများ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်းဖြေကြား | ၃၆ |
| ၁၇ | KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ | ၃၇ |
| ၁၈ | ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံ့အိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး | ၄၂ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉ | ကော့ကရိတ်မြို့အတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ် | ၄၄ |
| ၂၀ | စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခိုအောင်းနေသည့် PDF အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်း | ၄၅ |
| ၂၁ | တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်မှ ကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့နှင့်ပူးပေါင်း၍ ဆူပူဆန္ဒပြမှုများဖြစ်ပွားစေရန် နောက်ကွယ်မှသွေးထိုးလှုံ့ဆော်သူများအား ဖမ်းဆီးရမိ | ၄၆ |

# Information Sheet

## မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ဗိမာန် အဂ္ဂါမိပတိဝိသုံဂါမ သိမ်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ





**ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား မာရဝိဇယကျောင်းတော်ရှိ ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်ပူဇော်နေမှု**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ဗိမာန် အဂ္ဂါမိပတိဝိသုံဂါမ သိမ်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားတို့ကို ဇွန်လ ၂၈ ရက်တွင်ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ပူဇော်ခဲ့ပါသည်။

မင်္ဂလာအခမ်းအနားတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယကျောင်းတော်ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်ပြီးနောက် ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခဲ့ပါသည်။

အခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၃)**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား သာသနာ့ဗိမာန် အဂ္ဂါမိပတိဝိသုံဂါမသိမ်တော်ကြီး အတွင်းရှိ ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်ပူဇော်နေမှု






ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်ဇနီးမိသားစု ဆောက်လုပ်လှူဒါန်းခဲ့သည့် မာရဝိဇယကျောင်းတော်ကြီးနှင့် အဂ္ဂါမိပတိဝိသုံဂါမသိမ်တော်ကြီး

- မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်း အနားများသို့ ဦးဆောင်ဘုရား ဒါယကာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ပူဇော်ခဲ့။

## ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ





ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားကို ဇွန်လ ၂၉ ရက်တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သာသနာနုဂ္ဂဟအဖွဲ့ရပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေးအော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင်-

- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိ စေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။





- မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်အတွက် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

- ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှုမေတ္တာတရားထားသည့် ဘာသာတရား တစ်ခုဖြစ်ခြင်းကြောင့် ဗုဒ္ဓဘာသာတရား၏အောက်တွင် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုရှိစေရေး ရည်ရွယ်ချက်များဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

- မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း။

- အဆိုပါကျောက်တော်ကြီးကို တူးဖော်ရရှိရေး ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ်စစ်ဆေးဆောင်ရွက်ပြီး တွက်ချက်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မတ်လ၌ အမြင့် ၆၅ ပေ၊ ရှေ့အလျား ၁၅၄ ပေ၊ ထု ပေ ၂၀ ရှိ A အဆင့်ရှိသည့် ကျောက်တော်ကြီးကို အကြမ်းထည်ပုံဖော်နိုင်ခဲ့ကြောင်း။

- ဆင်းတုတော်ကြီး ထုဆစ်ရန်အတွက် ကျောက်တုံးတော်ကြီးများကို သယ်ယူရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှသယ်ယူရန် အခက်အခဲများရှိခြင်းကြောင့် စကျင်တောင်မှ ဧရာဝတီမြစ်၊ ၎င်းမှဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူ ပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း။

- စကျင်တောင်မှ သယ်ဆောင်ရန်အတွက် ဆောင်ရွက်ရာတွင်လည်း တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့နှင့် တပ်မတော်(ရေ)တို့ပူးပေါင်း၍ မြောင်းမြစ်သို့ တူးမြောင်းဖောက်လုပ်ရာတွင် မြေကျင်း ၉၂၅၀၇ ကျင်း၊ တူးမြောင်းအရှည် ၄၅၈၃ ပေ ဖောက်လုပ်ဆောင်ရွက်ခဲ့ရပြီး ဆီမီးခုံဆိပ်ကမ်းသို့ ရေယာဉ်များဆိုက်ကပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း။

- ၂၀၂၀ ခုနှစ်၊ ဇူလိုင် ၃ ရက်တွင် ကျောက်တုံးတော်ကြီးများကို စတင်ပင့်ဆောင်ခဲ့ကြောင်း၊ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ပင့်ဆောင်ခဲ့ရပြီး စုစုပေါင်းအနေဖြင့် ၉ ကြိမ် ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရကြောင်း။

- စက်တင်ဘာလ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဆီမီးခုံ



**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းနေမှု**

ဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာသယ်ယူနိုင်ရေး ၂၂ မိုင် ၅ ဖာလုံအရှည်လမ်းအား ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ကြောင်း။

- ထိုသို့ပင့်ဆောင်ရာတွင်လည်း တန်ချိန် ၁၅၀၀ နှင့် ၂၀၀၀ ကြား သယ်ဆောင်နိုင်သည့် ကားများသွားလာနိုင်ရေး ရှောင်ကွင်းလမ်းများ ဖောက်လုပ်ခြင်းနှင့် လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကာ အချိန်အားဖြင့် ၄ လကြာမြင့်ခဲ့ကြောင်း။
- ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ၇ ခေါက် သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ဖြစ်ကြောင်း။
- သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမဏီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု Certificate ကို ပေးအပ်ခဲ့ကြောင်း။
- မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီးသယ်ဆောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။
- ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျဖြင့် အကွက်ချတွက်ချက် ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူခြင်းများဆောင်ရွက်ခဲ့ပြီး ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း။
- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့ကြောင်း။
- မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများရှိရန်လိုအပ်သဖြင့် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကျောင်းတော်တွင် သံဃာတော် ၅ ပါးသီတင်းသုံးနိုင်မည်ဖြစ်ကြောင်း။
- မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတည်ထားရာတွင်လည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်း

မဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတက အဋ္ဌကထာ စသည့် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း။

- ကျောက်စာရုံစေတီများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာ တိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထား ဆောင်ရွက်ခြင်းဖြစ်ကြောင်း။
- ကျောက်စာများရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် ရန်ကုန်၊ မန္တလေးနှင့် သီတဂူသာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ ဦးဆောင်မှုဖြင့် ဆရာတော်ကြီးများမှ နေ့စဉ်တည်းဖြတ်၍ စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။
- မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ပပညာရှင်များလုံးဝပါရှိခြင်း မရှိကြောင်း။
- တန်ချိန်ပေါင်း ၁၇၀၀ ရှိသည့် ဆင်းတုတော်အပိုင်း (၁၊၂၊ ၃) တို့တွဲဆက်ထားသည့် အပိုင်းအား ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သံမဏိပန်းတောင်း ကို အသုံးပြုခဲ့ရကြောင်း။
- ဆင်းတုတော်အပိုင်းများ ထည့်သွင်းထားသည့် သံမဏိပန်းတောင်းကို တန်ချိန် ၁၅၀၀ ရှိသည့် သံမဏိမျှော်စင်ကြီးနှင့် တန်ချိန် ၂၅၀ ရှိ အထောက်အကူပြု သံမဏိစင်ကို အသုံးပြု၍ဆောင်ရွက်ခဲ့ရကြောင်း။
- ဇန်နဝါရီ ၂၇ ရက်နှင့် ဖေဖော်ဝါရီ ၁၀ ရက်၌ ရတနာပလ္လင်တော်ထက်တွင် နိုင်ငံ တော်တစ်ဝန်းလုံးမှ (၇) ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များကကုသိုလ်ပြု လှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူ ပူဇော်နိုင်ခဲ့ကြောင်း။
- မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသက်န်းကပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဥဏ္ဏာလုံမွေးရှင်တော်မြတ် ကိုလည်းတပ်ဆင် ပူဇော်ခဲ့ကြောင်း။
- ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရန်အတွက် ပန္နက်ရိုက်ခဲ့သည်မှ ယနေ့အထိ ရက်ပေါင်း ၁၁၁၀၊ ၃ နှစ်နှင့် ၁၅ ရက်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း။
- ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး အတွက် တန်ချိန် ၂၀၀၀၀ အထိ ခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ရစ်စတာစကေး ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက် တည်ဆောက်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့။

အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နှင့် ဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဒါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်အတွင်း

ဘာဂီယာဉ်ငယ်များဖြင့် လှည့်ကြည့်ရှုဖူးမြော်ကြသည့် အခမ်းအနားတက်ရောက်လာကြသူများကို လိုက်လံရှင်းလင်းပြသခဲ့ကြပါသည်။

ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် အခမ်းအနားတက်ရောက်လာကြသူများက သဒ္ဓါတရားစိတ်ထက်သန်စွာဖြင့် လှူဒါန်းသည့် အလှူရှင် ၁၀၁ ဦး၏ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၆,၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ) ဖြစ်ကြောင်း သိရှိရပါ သည်။

**(မြဝတီသတင်းစာ ၃၀-၆-၂၀၂၃)**

- **ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှုမေတ္တာတရားထားသည့် ဘာသာတရား တစ်ခုဖြစ်ခြင်းကြောင့် ဗုဒ္ဓဘာသာတရား၏အောက်တွင် ကမ္ဘာကြီးငြိမ်းချမ်းသာယာ မှုရှိစေရေး ရည်ရွယ်ချက်များဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည် ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်။**
- **ဆင်းတုတော်ကြီး ထုဆစ်ရန်အတွက် ကျောက်တုံးတော်ကြီးများကို သယ်ယူရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှသယ်ယူရန် အခက်အခဲများရှိခြင်းကြောင့် စကျင်တောင်မှ ရောဝတီမြစ်၊ ၎င်းမှဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူ ပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရ။**
- **မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား အဝေးဆုံးသော ရေလမ်း ခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသောကုန်းလမ်းခရီး သယ်ဆောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်။**
- **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ ဆောင် ရွက်ခဲ့။**
- **မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများ ကို ပင့်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ပပညာရှင်များ လုံးဝပါရှိခြင်းမရှိ။**
- **ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရန်အတွက် ပန္နက်ရိုက်ခဲ့သည်မှ ယနေ့အထိ ရက်ပေါင်း ၁၁၁၀၊ ၃ နှစ်နှင့် ၁၅ ရက်ကြာမြင့်ခဲ့ပြီဖြစ်။**
- **အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့။**
- **ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် အခမ်းအနားတက်ရောက်လာကြသူများက သဒ္ဓါတရားစိတ်ထက်သန်စွာဖြင့် လှူဒါန်းသည့် အလှူရှင် ၁၀၁ ဦး၏ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၆,၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ) ဖြစ်။**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဦးဆောင်ဘုရား ဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှု ရက်ပေါင်း ၁၁၁၁ ရက်ရှိပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ



## ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး





## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ သာသနိကအဆောက်အဦးများ ရာနှုန်းပြည့် ပြီးစီးနိုင်ရေး တည်ဆောက်ပူဇော်နေမှု





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်များဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက နေ့ညမပြတ် ကြိုးပမ်းတည်ဆောက်ပူဇော်လျက်ရှိရာ ၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၄ ရက် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပခဲ့သည့်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်အထိ ရက်ပေါင်း (၁၁၁၁)ရက် ၃ နှစ်နှင့် ၁၆ ရက်တိတိ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် စကျင်ကျောက်ဖြင့် ထုဆစ်သည့်ဗုဒ္ဓရုပ်ပွားတော်များတွင် ဉာဏ်တော် အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ **ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် တည်ဆောက်ပူဇော်နေ ခြင်းဖြစ်ပြီး ရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ သာသနိကအဆောက်အဦများကိုလည်း နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ ထည့်သွင်းတည်ဆောက်လျက်ရှိပါ သည်။

ယနေ့တွင် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းမှ သာသနိကအဆောက်အဦများ၏ မြင်ကွင်းများကို နိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူ မိဘပြည်သူများ ဖူးမြော်ကြည်ညိုသဒ္ဓါများပွားနိုင်စေရေး ယခုကဲ့သို့ ဖော်ပြလိုက်ရခြင်းဖြစ်ပြီး ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုအား ရာနှုန်းပြည့် ပြီးစီးနိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၇-၂၀၂၃)**

- **ကမ္ဘာပေါ်တွင် စကျင်ကျောက်ဖြင့် ထုဆစ်သည့်ဗုဒ္ဓရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်မှုမှာ ၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၄ ရက် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပခဲ့သည့်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်အထိ ရက်ပေါင်း (၁၁၁၁) ရက် ၃ နှစ်နှင့် ၁၆ ရက်တိတိ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ။**

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံတည်ဆောက်နိုင်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ် ကြီး H. E. Dr. Nikolay LISTOPADOV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအနားကို ဇွန်လ ၃၀ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဖေယျကျော်ထင် စသည့်သူ



ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သီရိ ပုံချိ ဦးသန်းဆွေ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီရုံး အမြဲ တမ်းအတွင်းဝန် ဦးခင်လတ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင် ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက် ရောက်ခဲ့ကြပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသ ရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက် မှုများ ပိုမို နီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံတည်ဆောက်နိုင် ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV ထံ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက် ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေ စည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဂုဏ်ပြုစကား ပြောကြားရာတွင်-

- အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် ရိုးရိုးသံအမှုထမ်း မှ သံအမတ်ကြီးတာဝန် အထိ ၁၄ နှစ်တာကာလခန့် တာဝန် ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်ကို ကြုံတွေ့ခဲ့ရသဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အတွေ့ အကြုံများစွာကို ရရှိပြီးဖြစ်ကြောင်း။
- နှစ်နိုင်ငံသံတမန် ဆက်ဆံရေးကို ယခင်ကထက် ပိုမိုတိုး တက်အောင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ဂုဏ်ထူး ဆောင်ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခဲ့ရခြင်းဖြစ်ကြောင်း။
- သံအမတ်ကြီးတာဝန်ကို ၇ နှစ်တာကာလတာဝန်ထမ်း ဆောင်ချိန် ကာလအတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် ကာကွယ်ရေးပိုင်းဆိုင်ရာများ၊ နိုင်ငံတ ကာရေးရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက် ရေးကဏ္ဍများတွင် အဆွေတော်အနေဖြင့် အကောင်းဆုံး ဖြစ်အောင် စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။
- အဆွေတော်အနေဖြင့် ရုရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိ ချိန်တွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုနယ်ပယ်များ ပိုမို ကျယ်ပြန့်ခိုင်မာစေရန်နှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက် ခိုင်မာစေရန် ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း။
- တပ်မတော်အစိုးရလက်ထက်မှစ၍ နှစ်နိုင်ငံပူးပေါင်းဆောင် ရွက်မှုနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ခဲ့ပြီး မိမိ တာဝန်ထမ်းဆောင်ချိန်တွင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ကြောင်း။
- မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်း ရုရှားနိုင်ငံ၏ ပူးပေါင်းကူညီပေးမှုများသည် အဓိက ကျကြောင်း။



- မြန်မာနိုင်ငံအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် ရုရှားနိုင်ငံရှိ တက္ကသိုလ်များ တွင် မြန်မာနိုင်ငံမှ ပညာတော်သင်များ တက်ရောက်သင် ကြားနိုင်ခဲ့ကြောင်း။
- မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီး များကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ခြင်းသည် ယခုရုရှား နိုင်ငံသံအမတ်ကြီး အားပေးအပ်ခြင်းမှာ ပထမဆုံး အကြိမ် ဖြစ်ကြောင်း။
- နောင်အခါတွင်လည်း ကာယကံရှင်နိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနယ်ပယ်များတွင် အကောင်း ဆုံးဆောင်ရွက်ခြင်းများကို ဆောင်ရွက်နိုင်သည့် သံအမတ် ကြီးများကိုလည်း ချီးမြှင့်ပေးနိုင်ရန်အတွက် အခွင့်အလမ်း ပင်ဖြစ်ကြောင်း ပြောကြားခဲ့။

မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV က ဘွဲ့တံဆိပ်လက်ခံရရှိခြင်းအတွက် ကျေးဇူးတင်စကားပြောကြားရာတွင်-

- ယခုကဲ့သို့ ဘွဲ့တံဆိပ်ချီးမြှင့်ပေးသည့်အတွက် မိမိအတွက် သာမက ရုရှားသံရုံးရှိ သံတမန်များနှင့် အမှုထမ်းမိသားစု များအားလုံးအတွက်ပါ ဂုဏ်ယူပါကြောင်း။
- နှစ်နိုင်ငံဆက်ဆံရေးမှာ အဆင့်မြင့်သည့်ဆက်ဆံရေးသို့ ရောက်ရှိလာပြီဖြစ်ပြီး ယခင်ကထက်များစွာ တိုးတက် ကောင်းမွန်လာပြီဖြစ်ပါကြောင်း။
- အဆွေတော်အနေဖြင့် စက်တင်ဘာလအတွင်း ရုရှားနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့ တွင် ကျင်းပပြုလုပ်သည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက် စဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladi mirovich Putin နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက် ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးနိုင်ခဲ့ ပါကြောင်း။
- နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း နှစ်ဖက်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်း မွန်လာ ခြင်းဖြစ်ပါကြောင်း။
- မိမိအနေဖြင့် မြန်မာနိုင်ငံတွင် ၁၄ နှစ်ခန့် တာဝန်ထမ်း ဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများ ကို တွေ့ကြုံခဲ့ရကြောင်း။
- နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ ဆက် လက်တိုးမြှင့် ဆောင်ရွက်နိုင်ရေးမိမိအနေဖြင့် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်း ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ်လည်း အသိအမှတ်ပြုတန်ဖိုးထားပါကြောင်း။
- မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး နှင့်တရားဥပဒေစိုးမိုးရေးများကို ဆောင်ရွက်နိုင်မည်ဟု ခိုင်ခိုင်မာမာယုံကြည်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံ

အမတ်ကြီးတို့သည် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ စက်မှု၊ သိပ္ပံနှင့်နည်းပညာ၊ အားကစားနှင့် ယဉ်ကျေးမှု စသည့် နယ်ပယ်မျိုးစုံတွင် ပူပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၇-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV ထံ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့။**
- **တပ်မတော်အစိုးရလက်ထက်မှစ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ခဲ့ပြီး မိမိတာဝန်ထမ်းဆောင်ချိန်တွင် အမြင့်ဆုံးအခြေအနေသို့ရောက်ရှိခဲ့။**
- **မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ခြင်းသည် ယခုရုရှားနိုင်ငံသံအမတ်ကြီး အားပေးအပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်။**
- **မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့်တရားဥပဒေစိုးမိုးရေးများကိုဆောင်ရွက်နိုင်မည်ဟု ခိုင်ခိုင်မာမာယုံကြည်၊ ရုရှားနိုင်ငံအနေဖြင့်လည်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးကို ဇွန်လ ၃၀ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင်-

- မိမိတို့နိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေးပြန်လည်ဦးမော့ လာပြီး ၃ ဒသမ ၂ ရာခိုင်နှုန်းထိ တိုးတက်ခဲ့သော်လည်း နိုင်ငံခြားကုန်သွယ်မှု နှင့်ပတ်သက်၍ လိုအပ်ချက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ကုန်သွယ်မှု၌ သွင်းကုန် တွင်အဓိကပါရှိသည့် စက်မောင်းဆီနှင့် စားသုံးဆီတင်သွင်းမှုများမှာ ပမာဏများပြားနေသည်ကို တွေ့ရကြောင်း၊
- ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားရေးတိုးတက်မှုမှာ ၃ ရာခိုင်နှုန်းကျော် ခန့်သာရှိပြီး နောက်ပိုင်းတွင် အနုတ်ဘက်သို့ ရောက်ရှိခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနလေးခုကို တာဝန်ပေးအပ်၍ လေ့လာသုံးသပ်မှုများဆောင်ရွက်ခဲ့ကြောင်း၊
- တွေ့ရှိချက်များအရ နိုင်ငံ့စီးပွားရေး အတက်အကျဖြစ်ခြင်းသည် ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံတော်၏ ရငွေ၊ ပို့ကုန်၊ ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဘေးဒဏ်ကျရောက်မှု၊ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအားနည်းချက်များ၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အကြောင်းအရင်းများ



နှင့် အဓိကသက်ဆိုင်နေသည်ကို တွေ့ရှိရသည့်အပြင် လုပ်သင့်လုပ်ထိုက်သည်များကို အချိန်မီဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရှိ ရကြောင်း၊

- ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံကြီးအချို့က ၎င်းတို့လိုရာစိတ်တိုင်းကျဆောင်ရွက်ပေးနိုင်မည့် အစိုးရကို ငွေကြေးထောက်ပံ့မှုများကို နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးလုပ်ဆောင်ခဲ့မှုများ၊ အစိုးရ၏စွမ်းဆောင်ရည်မြင့်မားမှုပုံစံမျိုးဖြစ်စေရန် ဖန်တီးဆောင်ရွက်ပေးသည်ကိုလည်း တွေ့ရှိရသည်ဟု လေ့လာသုံးသပ်ချက်အစီရင်ခံစာအရ သိရှိရကြောင်း၊
- နိုင်ငံတစ်ခု၏ စီးပွားရေးနှင့်ပတ်သက်၍ ကုန်သွယ်မှု၊ အခြားလမ်းကြောင်းမှ ရရှိသည့် ဝင်ငွေများအပေါ်မူတည်၍ စီးပွားရေးအပြောင်းလဲများရှိသည်ကို မိမိအနေဖြင့် သုံးသပ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှုသည် လူသားအရင်းအမြစ်ကြွယ်ဝမှုအပေါ်တွင် မူတည်သည်ကိုလည်းတွေ့ရှိရကြောင်း၊ စီးပွားရေးကို ကောင်းမွန် အောင်လုပ်ဆောင်နိုင်သည့်၊ ကုန်ထုတ်လုပ်မှုတိုးတက်အောင် လုပ်ဆောင်နိုင်သည့် လူသားအရင်းအမြစ်များ ပေါ်များလာပါက နိုင်ငံ့စီးပွားသည် တိုးတက်လာမည်ဖြစ်ကြောင်း၊
- လယ်ယာစိုက်ပျိုးရေးတွင် မြေကိုအကျိုးရှိစွာ အသုံးချဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းဖြင့် လယ်ယာကဏ္ဍကြီးမှ GDP ပါဝင်မှုအချိုးသည်များစွာ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ပြည်ပပို့ကုန်များလည်းများစွာ တိုးတက်ပြောင်းလဲသွားနိုင်ကြောင်း။
- ပို့ကုန်နှင့်ပတ်သက်၍ တိုးမြှင့်ဆောင်ရွက်နိုင်ရန်လိုသကဲ့သို့ ပြည်တွင်းထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်တွင်းသုံးစွဲမှုအတွက် လုံလောက်စွာထုတ်လုပ်နိုင်ရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာနှင့် စိုက်ပျိုးရေများလုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊
- ပြည်တွင်း၌ စက္ကူထုတ်လုပ်ရေးလုပ်ငန်း၊ နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများနှင့် ချည်ထည်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍကြီးနှင့် စက်မှုကဏ္ဍကြီးတို့တွင် GDP များ တိုးတက်လာမည်ဖြစ်ကြောင်း၊
- မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုများ အားနည်းပြီး ရောင်းကုန်များမရှိသဖြင့် ပြည်ပပို့ကုန်အားနည်းပြီး ပြည်ပကုန်သွယ်မှုတွင် နှစ်ပေါင်းများစွာ လိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁၂ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ကုန်သွယ်မှု လိုငွေ ၁၂ ဒသမ ၆၁ ဘီလီယံရှိကြောင်း၊ လိုငွေများကို Non Tr




ade ဝင်ငွေများမှ ရရှိသည့်ငွေများဖြင့် သုံးစွဲခဲ့ခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ ဒီမိုကရေစီအစိုးရ ပထမသက်တမ်းနှင့် ဒုတိယသက်တမ်းတွင် နိုင်ငံတကာမှ ထောက်ပံ့ငွေ၊ ကူညီငွေနှင့် ချေးငွေများရရှိခဲ့ကြောင်း၊ အဆိုပါရရှိသည့် ငွေများဖြင့် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှုများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်သွားသည်ကို တွေ့ရှိရကြောင်း၊

- မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရမှ တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံတကာမှ ပိတ်ဆို့မှုများလုပ်ဆောင်လာကြောင်း၊ ရှိပြီးဖြစ်သည့် နိုင်ငံခြားငွေများသုံးစွဲ၍ မရစေရန်၊ ရရန်ရှိသည့် ရောင်းကုန်ပစ္စည်းရငွေများမပေးချေနိုင်စေရန် ပိတ်ဆို့မှုမျိုးစုံဖြင့် ဆောင်ရွက်လာကြောင်း၊ မိမိတို့အနေဖြင့် ပို့ကုန်များမရှိဘဲ လိုသမျှကို မှာယူ အသုံးပြုနေမည်ဆိုပါက နိုင်ငံခြားငွေ လိုအပ်မှုများလာမည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ ရနိုင်သမျှထုတ်လုပ်နိုင်ရေး တာဝန်ရှိသည်ကို ပြောကြားလိုကြောင်း။
- အသုံးစရိတ်ချွေတာရေးနှင့်ပတ်သက်၍ မဖြစ်မနေ သုံးစွဲရန်လိုအပ်သည်များမှအပ ချွေတာသုံးစွဲကြစေလိုကြောင်း၊ ဖြုန်းတီးမှုများမဖြစ်စေရေး အသုံးစရိတ်များကို စနစ်တကျဖြင့် သုံးစွဲကြရန်လိုကြောင်း၊ အသေးစိတ်မှစ၍ ခြိုးခြံချွေတာနိုင်မှသာ ပြည်တွင်းလိုငွေပြမှုနှင့် နိုင်ငံခြားငွေလိုငွေပြမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ဝယ်ယူသုံးစွဲခြင်းထက် ပြည်တွင်းဖြစ် ထုတ်ကုန်များကို အသုံးပြုရန်လိုကြောင်း။
- မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူသုံးစွဲခြင်းနှင့်ပတ်သက်၍ ပြည်တွင်းမှ ထွက်ရှိသည့် သယံဇာတများကို တရားမဝင်နည်းလမ်းများဖြင့်ထုတ်ယူပြီး ပြည်ပသို့ မှောင်ခိုတင်ပို့နေခြင်းကြောင့် နိုင်ငံတော်၏ အခွန်ငွေရရှိမှုများကို များစွာ ထိခိုက်စေလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကိုလည်း တာဝန်ရှိသူများအနေဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတွင် အိမ်နီးချင်းကောင်းပီသစွာဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်သွားရန်လိုကြောင်း၊
- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်သွားရန်တိုက်တွန်းလိုကြောင်း၊ ဒေသအလိုက်ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၌ ဒေသတွင်းစားသုံးမှု၊ နိုင်ငံတွင်းစား

သုံးမှု အတွက် ဖူလုံအောင်ထုတ်လုပ်ခြင်းနှင့် ပြည်ပပို့ ကုန်အတွက် ထုတ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်လုပ်မှုအတွက် အသေချာဆုံးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဖြစ်မနေတိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ သွင်းကုန် အစားထိုးထုတ်လုပ်ခြင်းအနေဖြင့် စက္ကူ၊ ရော်ဘာ ပစ္စည်း၊ နို့ထွက်ပစ္စည်း၊ ချည်ထည်ပစ္စည်း စသည့်ပစ္စည်းများကို ပြည်တွင်း၌ တတ်နိုင်သမျှ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

- လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အသေးစားရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်၍ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ စပါးခွံလောင်စာသုံး Gasifires Power သုံးစွဲ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ မိမိတို့နိုင်ငံတွင် ရေချိုများပေါများစွာရှိပြီး စိုက်ပျိုးရေးအတွက် လိုအပ်သည့်ရေများကိုမြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်လိုကြောင်း။
- ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဈေးကွက်သုတေသန၊ ထုတ်လုပ်မှုသုတေသနများ ပြုလုပ်ထားရန်လိုကြောင်း၊ ပြည်ပလိုအပ်ချက်ရှိသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ပို့ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စွာဖြင့် အရည်အတွက်များများ ထုတ်လုပ်နိုင်ရေးသုတေသနလုပ်ငန်းများ ပြုလုပ်ရန်လိုကြောင်း၊ ဈေးကွက်သုတေသနကိုလည်း အမြဲမပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးထုတ်လုပ်နေသည့် ထွက်ကုန်ပစ္စည်းများ အရည်အသွေး ကောင်းမွန်စေရေး အမြဲမပြတ် သုတေသနပြုဆောင်ရွက်နေရန် တာဝန်ရှိကြောင်း၊
- ခိုင်မာသည့်ဝင်ငွေများရရှိနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်၍ ရောင်းကုန်ပစ္စည်းများရရှိအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက လက်ရှိဖြစ်ပွားနေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်သကဲ့သို့ နိုင်ငံခြားပို့ကုန်များပြားလာပါက ထုတ်လုပ်မှုကြောင့် နိုင်ငံခြားငွေများ တိုးတက်လာနိုင်သည်ကို တွေ့ရှိရကြောင်း၊
- ယခုအချိန်တွင် နိုင်ငံချစ်စိတ်ဖြင့် စီးပွားရေးတိုးတက်အောင်၊ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်၊ အသုံးစရိတ်များ လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအစည်းအဝေးမှ နိုင်ငံစီးပွားရေးမြှင့်တင်ရေးနှင့်ပတ်သက်၍ အကြောင်းအရာများအလိုက် ဖော်ထုတ်ချက်များ ရရှိပြီး ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း။
- အတန်းပညာရှိမှသာ အတတ်ပညာများ တတ်မြောက်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး၊ စက်မှုနှင့် နည်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ပေါ်များ ကြွယ်ဝစွာရရှိရေးမှာ အရေးကြီးသဖြင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်ပြီး အတန်းပညာရရှိရေးနှင့် အတတ်ပညာများရရှိရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားခဲ့။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၇-၂၀၂၃)**

- စီးပွားရေးကောင်းမွန်မှုသည် လူသားအရင်းအမြစ် ကြွယ်ဝမှုအပေါ်တွင် မူတည်သည်ကိုလည်းတွေ့ရှိရ၊ စီးပွားရေးကို ကောင်းမွန်အောင်လုပ်ဆောင်နိုင်သည့်၊ ကုန်ထုတ်လုပ်မှုတိုးတက်အောင်လုပ်ဆောင်နိုင်သည့် လူသားအရင်းအမြစ်များ ပေါ်များလာပါက နိုင်ငံ့စီးပွားသည် တိုးတက်လာမည်ဖြစ်။
- မဖြစ်မနေသုံးစွဲရန်လိုအပ်သည်များမှအပ ချွေတာသုံးစွဲကြစေလို၊ ဖြုန်းတီးမှုများ မဖြစ်စေရေး အသုံးစရိတ်များကို စနစ်တကျဖြင့် သုံးစွဲကြရန်လို၊ အသေးစိတ် မှစ၍ ခြိုးခြံချွေတာနိုင်မှသာ ပြည်တွင်းလိုငွေပြမှုနှင့် နိုင်ငံခြားငွေ လိုငွေပြမှုများကို လျှော့ချနိုင်မည်ဖြစ်၊ ပြည်ပမှ ဝယ်ယူသုံးစွဲခြင်းထက် ပြည်တွင်းဖြစ် ထုတ်ကုန်များကို အသုံးပြုရန်လို။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက် ရာတွင် အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်သွားရန်တိုက်တွန်းလို၊ ဒေသအလိုက် ကုန် ထုတ်လုပ်မှုမြှင့်တင်ရေး၌ ဒေသတွင်းစားသုံးမှု၊ နိုင်ငံတွင်းစားသုံးမှုအတွက် ဖူလုံအောင်ထုတ်လုပ်ခြင်းနှင့် ပြည်ပပို့ကုန်အတွက် ထုတ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်လုပ်မှုအတွက် အသေချာဆုံးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် မဖြစ်မနေတိုးမြှင့်ဆောင်ရွက်သွားရန်လို။
- ခိုင်မာသည့်ဝင်ငွေများရရှိနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်၍ ရောင်းကုန်ပစ္စည်းများ ရရှိအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက လက်ရှိဖြစ်ပွားနေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်သကဲ့သို့ နိုင်ငံခြားပို့ကုန်များပြားလာပါက ထုတ်လုပ်မှုကြောင့် နိုင်ငံခြားငွေများ တိုးတက်လာနိုင်သည်ကို တွေ့ရှိရ၊ ယခုအချိန်တွင် နိုင်ငံချစ်စိတ်ဖြင့် စီးပွားရေးတိုးတက်အောင်၊ ကုန်ထုတ်လုပ်မှုများတိုးတက်အောင်၊ အသုံးစရိတ်များလျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လို။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ဇူလိုင်လ ၂ ရက်တွင် ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ရှိ မင်္ဂလာခန်းမ၌တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ကိစ္စရပ်များကို ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင်-

- နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရေးအတွက် တွေ့ဆုံခြင်းဖြစ်ကြောင်း။
- UMFCCI အနေဖြင့် အဓိကအားဖြင့် ထုတ်လုပ်မှုအပိုင်း၊ ကုန်သွယ်မှုအပိုင်းနှင့် ဝန်ဆောင်မှုအပိုင်း စသည့်အပိုင်း ၃ ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါအချက်များသည် နိုင်ငံ၏ GDP တွက်ချက်မှုတွင် ပါဝင်သည့်အပိုင်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။
- မြန်မာနိုင်ငံတွင် စားရေရိက္ခာထုတ်လုပ်မှုနှင့်ပတ်သက်၍ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ များပြားခြင်းများကြောင့် ရှိသင့်သည့်ကုန်ဈေးနှုန်းထက် ကြီးမြင့်နေသည်ကိုတွေ့ရကြောင်း။
- စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်မြေများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးမွေးမြူထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရိက္ခာများဖူလုံသင့်သလောက် ဖူလုံခြင်းမရှိသည်ကို တွေ့ရှိရကြောင်း။
- စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့်ကုန်ကြမ်းပစ္စည်းများအပေါ် မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများထွက်ရှိသဖြင့် ဆီစက်လုပ်ငန်းများကို လည်ပတ်နိုင်ကြောင်း၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ် စသည့်ဆီထွက်သီးနှံများ၏ လက်ရှိအထွက်နှုန်းအတိုင်း ဆီထုတ်လုပ်မည်ဆိုပါက စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း။
- မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ပျိုးမှုမှာ (စားအုန်းဆီ) မပါ စိုက်ဧက ၈ သိန်းရှိပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စားသုံးဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်သဖြင့် ပြည်ပမှ ဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။
- ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းများကို ပြည်ပသို့ တင်ပို့ခြင်းထက် ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ဆီစက်များလည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက်လိုအပ်သည့် နှမ်းဖတ်၊ ပဲဖတ်များရရှိခြင်း၊ အလုပ် အကိုင်များရရှိခြင်းများဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက် အကူ ပြုစေမည်ဖြစ်ကြောင်း။
- စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာပြောင်းလဲသွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင် မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက



**UMFCCI မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြနေမှု**

နိုင်ငံတော်မှ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိနေမှုအပေါ် ဆွေးနွေးအဖြေရှာလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အရင်းအနှီးများ၊ နည်းပညာများနှင့် မူဝါဒပိုင်းဆိုင်ရာတို့တွင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဘဏ်လုပ်ငန်းတို့နှင့်ပတ်သက်၍ လိုအပ်ချက်များကို ကဏ္ဍအလိုက်အသီးသီး တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါသည်။

UMFCCI ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာ ဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ပြောကြားရာတွင်-

- (UMFCCI) သည် ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အဖွဲ့များဖြစ်သောကြောင့် မိမိအနေဖြင့် အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း။
- မိမိတို့အစိုးရပိုင်းအနေဖြင့် ဆောင်ရွက်၍ရသည်များကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းပင်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ အားလုံးကလည်း ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- အုပ်ချုပ်မှုပိုင်းဆိုင်ရာတာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်း ဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားခဲ့။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) မှ ဗဟိုအလုပ် အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃-၇-၂၀၂၃)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က UMFCCI မှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်နေမှု

- UMFCCI အနေဖြင့် အဓိကအားဖြင့် ထုတ်လုပ်မှုအပိုင်း၊ ကုန်သွယ်မှုအပိုင်းနှင့် ဝန်ဆောင်မှုအပိုင်း စသည့် အပိုင်း ၃ ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါအချက်များသည် နိုင်ငံ၏ GDP တွက်ချက်မှုတွင် ပါဝင်သည့် အပိုင်းများဖြစ်။
- မြန်မာနိုင်ငံတွင် စားရေရိက္ခာထုတ်လုပ်မှုနှင့်ပတ်သက်၍ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ များပြားခြင်းများကြောင့် ရှိသင့်သည့်ကုန်ဈေးနှုန်းထက် ကြီးမြင့်နေ။
- ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းများကို ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ဆီစက်များလည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက်လိုအပ်သည့် နှမ်းဖတ်၊ ပဲဖတ်များရရှိခြင်း၊ အလုပ်အကိုင်များရရှိခြင်းများဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်။
- (UMFCCI) သည် ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အဖွဲ့များဖြစ်သောကြောင့် မိမိအနေဖြင့် အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်။
- မိမိတို့အစိုးရပိုင်းအနေဖြင့် ဆောင်ရွက်၍ရသည်များကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းပင်ဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ အားလုံးကလည်း ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သမြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ တက်ရောက်အားပေး





ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြို ဆိုသောအားဖြင့် ရိုးရိုးယဉ်ယဉ်မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇူလိုင်လ ၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ တက်ရောက်အားပေးခဲ့ပါသည်။

အခမ်းအနားတွင် တေးသီချင်းများ၊ နိုင်ငံကျော်ဒီဇိုင်နာများ ဖန်တီးထားသည့် ဝတ်စားဆင်ယင်မှုများ၊ တစ်ခန်းရပ်ပြဇာတ်များနှင့် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများ၊ အနုပညာရှင်များက အငြိမ့်အပါအဝင် တေးသီချင်းများ၊ ပြဇာတ်များဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံသို့ ဂုဏ်ပြုပန်းစည်း ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ ဝန်ကြီးဌာနအသီးသီးမှ အကြီးအကဲများ၊ ဝန်ထမ်းများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ အုပ်ချုပ်သူများနှင့် ကျောင်းသား၊ကျောင်းသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၂-၇-၂၀၂၄)**

- **ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပခဲ့သည့် ရိုးရိုးယဉ်ယဉ်မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ တက်ရောက်အားပေးခဲ့။**



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာကများက
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံသို့ ဂုဏ်ပြုပန်းစည်း ချီးမြှင့်နေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay Listopadov အား ဇွန်လ ၂၈ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ရာ တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ၇ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို စွမ်းစွမ်းတမံစွမ်းဆောင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်သည့် စွမ်းဆောင်ရည်ဆိုင်ရာ ဂုဏ်

ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ကို ဇွန်လ ၂၆ ရက်နေ့တွင် ရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားခဲ့ပါ သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့သည် မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံ၌ အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ မြန်မာ-ရုရှားနှစ်နိုင်ငံသည် အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံများဖြစ်သည့်အတွက် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် အကူအညီပေးရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြကာ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြပါသည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့တွေ့ဆုံ၍ မြန်မာ-ရုရှားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍ ပေါင်းစုံ၌ အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာ-ရုရှား နှစ်နိုင်ငံသည် အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံများဖြစ်သည့်အတွက် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် အကူအညီပေးရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

## ပြည်ထောင်စုဝန်ကြီးများ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ အား လက်ခံတွေ့ဆုံနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စွမ်းအင်



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်းဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံနေမှု

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌမစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၂၈ ရက်တွင် နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေး၊ ကျွမ်းကျင်သူကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်ရေး၊ တိုက်ရိုက်လေကြောင်းခရီးစဉ်တိုးချဲ့ပျံသန်းရေးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- **အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့်တွေ့ဆုံရာတွင်** နှစ်နိုင်ငံ အပြန်အလှန် ခရီးစဉ်များနှင့် ညှိနှိုင်းဆွေးနွေးမှုများမှ တစ်ဆင့် လျှပ်စစ်၊ စွမ်းအင်၊ သတ္တု၊ စက်မှု၊ ခရီးသွားလာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ နည်းပညာ၊ စိုက်ပျိုးရေးနှင့် ငွေရေးကြေးရေးကဏ္ဍများအပါအဝင် မဟာဗျူဟာမြောက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် ရုရှားနိုင်ငံ၌ ကျင်းပသည့်ပြပွဲများနှင့် ဖိုရမ်များသို့ ပါဝင်တက်ရောက်ခြင်းကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသာမက ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့်တွေ့ဆုံရာတွင်** ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဓာတ်သတ္တုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းများနှင့်ဆင့်တက် ပြုပြင်ခြင်းလုပ်ငန်းများတွင် နည်းပညာအကူအညီများ ပေးအပ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။
- **စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ရေနံထွက်ပစ္စည်းဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများတွင် ရုရှားနိုင်ငံမှရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

တွေ့ဆုံပွဲအသီးသီးသို့ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၃)**



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံနေမှု



ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံနေမှု

- ပြည်ထောင်စုဝန်ကြီးများ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီဘူးလေ့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံရာတွင် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်၊ စွမ်းအင်၊ သတ္တု၊ စက်မှု၊ ခရီးသွားလာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ နည်းပညာ၊ စိုက်ပျိုးရေးနှင့် ငွေရေးကြေးရေးကဏ္ဍများအပါအဝင် မဟာဗျူဟာမြောက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအား ဆွေးနွေးခဲ့။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီနှင့် ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီတို့၏ လုပ်ငန်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီ၊ အင်းအမျိုးသားအဖွဲ့ချုပ်(Inn National League Party) ပါတီနှင့် ဓနုတိုင်းရင်းသား လူမျိုးများဒီမိုကရေစီပါတီ(Denu National Democ racy Party) တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များကို ဇွန်လ ၃၀ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေ

များနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ များကို စစ်ဆေးခဲ့ပါသည်။ အစည်းအဝေးတွင် တွေ့ဆုံ စဉ်-

- မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊နည်းဥပဒေ များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်။
- ဥပဒေအရ သတ်မှတ်ထားသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုမိန့်ကျပြီးနောက် ရက်ပေါင်း (၉၀) အတွင်း စုစည်းရမည့် ပါတီဝင်အင်အားပြည့်မီအောင် စုဆောင်းရန်။
- မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများကို မြို့နယ်ရုံးများ ဖွင့်လှစ်ပြီးပါက မြို့နယ်ပါတီရုံးဖွဲ့စည်းမှုများကို စနစ်တကျဖွဲ့စည်းပုံနှင့် တာဝန်ပေးထားရန်။
- နိုင်ငံရေးပါတီများရှိ ပါတီဝင်များတွင် ယခင်သုံးခေါက်ချိုး အမျိုးသားမှတ်ပုံတင်များကို နိုင်ငံသားစိစစ်ရေးကတ်ပြားများဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတွင် သွားရောက်လဲလှယ်နိုင်ရေး ဆောင်ရွက်သွားရန်။
- မြို့နယ်ပါတီရုံးများ ဖွင့်လှစ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ဌာနတို့မှ ပူးပေါင်းပြီး စစ်ဆေးရန်ရှိသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားရာ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းတင်ပြခဲ့ပါသည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီဌာနချုပ်သည် တောင်ကြီးမြို့၊ ဈေးပိုင်း ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း အမှတ် (၁၈) တွင်တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ အင်းအမျိုးသား အဖွဲ့ချုပ်ပါတီသည် ညောင်ရွှေမြို့၊ ကံသာရပ်တိတ်နန်းတံတားအနီး ရုံးကြီးလမ်းတွင် တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၂၀/၂၀၂၃) ဖြင့်လည်းကောင်း၊ ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီဌာနချုပ်ကို ကလောမြို့၊ (၁၀) ရပ်ကွက်၊ ချယ်ရီလမ်းအမှတ် (၁၀/၆၄) တွင် ဖွင့်လှစ်ထားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၂၆/၂၀၂၃) ဖြင့်လည်းကောင်း နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ(၉)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၇-၂၀၂၃)**

- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ပအိုဝ်းအမျိုးသားအဖွဲ့ ချုပ် (PNO) ပါတီ၊ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီနှင့် ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့။**
- **မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်။**
- **နိုင်ငံရေးပါတီများရှိ ပါတီဝင်များတွင် ယခင်သုံးခေါက်ချိုး အမျိုးသားမှတ်ပုံတင်များကို နိုင်ငံသားစိစစ်ရေးကတ်ပြားများဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် သွားရောက်လဲလှယ်နိုင်ရေး ဆောင်ရွက်သွားရန်။**
- **မြို့နယ်ပါတီရုံးများ ဖွင့်လှစ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ဌာနတို့မှ ပူး ပေါင်းပြီး စစ်ဆေးရန်ရှိ။**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များက နိုင်ငံရေးပါတီများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးနေမှု

## ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Dr.Nikolay LISTOPADOV အား ဇွန်လ ၃၀ ရက် တွင် နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- **နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားသံအမတ်ကြီးတို့သည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများ အနာဂတ်တွင် ဆက်လက်ဖြစ်ထွန်းစေရေးကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ရုရှားသံအမတ်ကြီးအနေဖြင့်



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု**

မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေးအတွက် ထူးချွန်ပြောင်မြောက်စွာ ပံ့ပိုးဆောင်ရွက်ခဲ့မှုအပေါ် ချီးကျူးဂုဏ်ပြုခဲ့။

- **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံရာတွင်** နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ခိုင်မြဲရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နျူကလီးယားနည်းပညာအား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တက္ကသိုလ်များပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး။

တွေ့ဆုံပွဲအသီးသီးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် အတူ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၇-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံရာတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နျူကလီးယားနည်းပညာအား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊တက္ကသိုလ်များပူးပေါင်းဆောင်ရွက်ရေး၊မြန်မာ-ရုရှား သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့။**

## ပြည်ထောင်စုဝန်ကြီးများက ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်တို့သည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Solonetsky Vitaly ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို ဇူလိုင်လ ၁ ရက်နှင့် ၂ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အသီးသီး၌ လက်ခံ တွေ့ဆုံခဲ့ပါသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံနေမှု**

- **ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်** နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် ငွေပေးချေမှုစနစ် လွယ်ကူချောမွေ့စေရေး၊ သတင်းအချက်အလက်နှင့် နည်းပညာနယ်ပယ်တွင် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ၊ စီးပွားရေးလုပ်ငန်းများ အချင်းချင်းတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် မြန်မာ့စားသောက်ကုန်နှင့် အဖျော်ယမကာထုတ်ကုန်များကို ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချရေးနှင့် ဈေးကွက်ရရှိရေး၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရုရှားစီးပွားရေးလုပ်ငန်းရှင်များထံသို့ သိရှိ ပြန့်နှံ့စေရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံစဉ်** မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေ၊ ရုရှား-မြန်မာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ရုရှားနိုင်ငံမှ ခရီးသွားအေဂျင်စီများ၊ သတင်းမီဒီယာများနှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ ပါဝင်သော ရင်းနှီးကျွမ်းဝင်သည့် ခရီးစဉ်ဆောင်ရွက်နေမှုအခြေအနေ၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ငွေကြေးလဲလှယ်မှု၊ ငွေပေးချေမှုနှင့်ဘဏ်လုပ်ငန်းများစသည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၇-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးအောင်သော်တို့သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် မြန်မာ့စားသောက်ကုန်နှင့် အဖျော်ယမကာထုတ်ကုန်များကို ရုရှားနိုင်ငံသို့ တင်ပို့ရောင်းချရေးနှင့် ဈေးကွက်ရရှိရေး၊ မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ရုရှား-မြန်မာ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ပွင့်လင်းစွာ ဆွေးနွေးခဲ့။**




ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံနေမှု

## ပြည်ထောင်စုဝန်ကြီးများ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ Rosatom မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Spasskiy Nikolay ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Spasskiy Nikolay ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (Russian State Atomic Energy Cooperation "Rosatom") မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Spasskiy Nikolay ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၂၈ ရက်တွင် ရန်ကုန်မြို့ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- တွေ့ဆုံစဉ် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ Rosatom တို့ လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်ခဲ့သော အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းအကြို ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု အစီရင်ခံစာကို Rosatom မှ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ ပေးအပ်ခဲ့။
- နျူကလီးယားအခြေခံအဆောက်အဦ အကဲဖြတ်ခြင်းနှင့် မြှင့်တင်ခြင်းကဏ္ဍ အတွက် နားလည်မှုစာချွန်လွှာ (Mem

orandum of Understanding in the field of Nuclear Infrastructure assemment and enhancement) ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် Rosatom တို့အကြား လက်မှတ်ရေးထိုးခဲ့။

- လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Rosatom မှ တာဝန်ရှိသူများနှင့် ထပ်မံတွေ့ဆုံ၍ ရေအား၊ လေအားနှင့် အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့။

Rosatom မှ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခွင့်ရရှိသဖြင့် ဂုဏ်ယူမိကြောင်း၊ ဆက်လက်၍ အပူစွမ်းအင်သုံးစီမံကိန်းများနှင့် အခြားစီမံကိန်း လုပ်ငန်းများ အတွက် Rosatom မှ ပိုမိုရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိကြောင်း၊ MoU ရေးထိုးပြီးသော လေအားလျှပ်စစ်စီမံကိန်းများအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း လုပ်ငန်းကို တတ်နိုင်သမျှ ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားအလာ ကောင်းများစွာ ပိုင်ဆိုင်သည့် မြန်မာနိုင်ငံတွင် Rosatom ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Spasskiy Nikolay ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံရာတွင် နျူကလီးယားအခြေခံအဆောက်အဦး အကဲဖြတ်ခြင်းနှင့် မြှင့်တင်ခြင်းကဏ္ဍအတွက် နားလည်မှုစာချွန်လွှာကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် Rosatom တို့အကြား လက်မှတ်ရေးထိုးခဲ့။**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၃ ကျင်းပ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သိပ္ပံပွဲတော် ၂၀၂၃ ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၈ ရက်တွင် ရန်ကုန် နည်းပညာတက္ကသိုလ်၌ ကျင်းပခဲ့ပါသည်။

- သိပ္ပံပွဲတော်ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတို့

တွင် ဇွန်လ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက် ကျင်းပခဲ့ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် နျူကလီးယား နည်းပညာနှင့် သိပ္ပံပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများ ကျင်းပပေးပြီး ဆုများလည်း ချီးမြှင့်ပေးခဲ့။

- ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူ လူငယ်ပညာရှင်များပါဝင်သည့် အဖွဲ့လိုက်ပြိုင်ပွဲ၊ အဖွဲ့လိုက်သရုပ်ပြပြိုင်ပွဲများ၊ ရန်ကုန်နည်းပညာတက္ကသိုလ်အတွင်း လေ့လာရေးအစီအစဉ်များ၊ အင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများက နျူကလီးယားစွမ်းအင်နှင့် ဆက်စပ်သိပ္ပံခေါင်းစဉ်များအလိုက်ဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကျွမ်းကျင်သူများက ပြန်လှန်မေးမြန်း ဆွေးနွေးခြင်းများ၊ မီဒီယာများအတွက် နျူကလီးယားဆိုင်ရာ အသိပညာများ မျှဝေခြင်းအစီအစဉ်များပါဝင်။
- သိပ္ပံပွဲတော်ကျင်းပစဉ်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ "ROSATOM" ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spasskiy တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်၍ နိုင်ငံတော်အတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်ရေးနှင့် နျူကလီးယားနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲညှိနှိုင်း ကော်မတီဆွေးနွေးပွဲကိုကျင်းပရာ ဆက်စပ်ဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ စုံလင်စွာတက်ရောက် ဆွေးနွေးခဲ့။
- သိပ္ပံပွဲတော် ၂၀၂၃ ဒုတိယနေ့တွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တက်ရောက်လာသူများအား HackAtom ပြိုင်ပွဲဝင်အသင်း ၁၁ သင်းတို့မှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက နျူကလီးယားနည်းပညာဖြင့် လျှပ်စစ်စွမ်းအားထုတ်လုပ်မှု၊ Nuclear Medicine ကို ငြိမ်းချမ်းစွာ အသုံးပြုမှုဆိုင်ရာ အသိပညာများကို ပြည်သူများထံ ထိရောက်စွာ ဖြန့်ဖြူးပေးမှုများကို Power Point များဖြင့် ရှင်းလင်းတင်ပြခဲ့။
- တင်ပြချက်များအပေါ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံမှ ပါမောက္ခများ ပူးပေါင်းဆောင်ရွက်သော ဘုတ်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြပြီး ပထမ၊ဒုတိယ၊ တတိယရရှိသည့် အသင်းသုံးသင်းကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့။
- အဆိုပါ HackAtom ပြိုင်ပွဲသို့ ရန်ကုန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ကြပြီး နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများသို့ တက်ရောက်လေ့လာခဲ့။
- အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ဒဂုံ) နှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(အလုံ)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူ စုစုပေါင်း ၄၀၀ ခန့် လာရောက်လေ့လာကြပြီး နျူကလီးယားနည်းပညာနှင့် သိပ္ပံဆိုင်ရာလက်တွေ့စမ်းသပ်မှုများ ဆောင်ရွက်ကြသည့်အပြင် အုပ်စုလိုက်နျူကလီးယားနှင့် သိပ္ပံဆိုင်ရာဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများ ဆောင်ရွက်ကြရာ ROSATOM မှ တာဝန်ရှိသူများက အနိုင်ရရှိသူများကို ဆုများချီးမြှင့်ခဲ့။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ "ROSATOM" မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spassky ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၆-၂၀၂၃)**

- ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ သိပ္ပံပွဲတော် ၂၀၂၃ ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတို့တွင် ဇွန်လ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွား မည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် နျူကလီးယားနည်းပညာနှင့် သိပ္ပံပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများ ကျင်းပပေးပြီး ဆုများလည်း ချီးမြှင့်ပေးသွားမည်ဖြစ်။
- သိပ္ပံပွဲတော်ကျင်းပစဉ်အတွင်း နိုင်ငံတော်အတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်ရေးနှင့် နျူကလီးယားနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲညှိနှိုင်းကော်မတီဆွေးနွေးပွဲကိုကျင်းပရာ ဆက်စပ်ဝန်ကြီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ စုံလင်စွာတက်ရောက် ဆွေးနွေးခဲ့။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ မြန်မာ-ရုရှား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး




မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ရှိ ရှေ့နေချုပ်ရုံး၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးတို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်နှင့် ရှေ့နေချုပ် Mr. Igor Krasnov တို့က နှစ်နိုင်ငံ အဂတိလိုက်စားမှု

တိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုး၍ နှစ်နိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ ရှေ့နေချုပ် Mr. Igor Krasnov နှင့် သံအမတ်ကြီး ဦးလွင်ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၃၀ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ University of Prosecutor's Office သို့ သွားရောက်၍ တက္ကသိုလ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ သင်ကြားပို့ချပေးခြင်း ဆောင်ရွက်နေမှုများကို လေ့ လာခဲ့ပြီး ပါမောက္ခချုပ် Mr. MATSKEVICH Igor Mikhai lovach နှင့် သီးခြားတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌက "မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးအစီအစဉ်များ၊ ကျောင်းသားလူငယ်ပညာပေးအစီအစဉ်များနှင့် Edutainment အစီအစဉ်များကို ကျောင်းသားလူငယ်များအကြား အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ University of Prosecutor's Office of the Russian Federation တက္ကသိုလ်နှင့်ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လိုကြောင်းနှင့် နည်းပညာအထောက်အကူပြုသင်တန်းများ ပံ့ပိုးပေးစေလိုကြောင်း ဆွေးနွေးခဲ့ရာ ပါမောက္ခချုပ် Mr. MATSKEVICH Igor Mikhailovach က ၎င်းတို့အနေဖြင့်လည်း မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ နည်းပညာသင်တန်းများ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၇-၂၀၂၃)**

- **"မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးအစီအစဉ်များ၊ ကျောင်းသားလူငယ် ပညာပေးအစီအစဉ်များနှင့် Edutainment အစီအစဉ်များကို ကျောင်းသားလူငယ်များအကြား အလေးထား ဆောင်ရွက်လျက်ရှိ။**

## မြစ်ကြီးနားမြို့တွင် တရုတ်ကောင်စစ်ဝန် (၁) ဦး ပါဝင်သည့်အဖွဲ့အား နယ်ခြားစောင့်တပ်မှ ပစ်ခတ်သည်ဟု မီဒီယာများ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်းဖြေကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့အနီးတွင် နန်ကျင်းစီးပွားရေးဇုန် တည်ဆောက်ရေး ဆွေးနွေးရန်အတွက် လာရောက်သည့်တရုတ်နိုင်ငံ၏ ကောင်စစ်ဝန် (၁) ဦးပါဝင်သည့်အဖွဲ့အား နယ်ခြားစောင့်တပ်မှ ပစ်ခတ်သည်ဟု ပြည်တွင်း/ပြည်ပ မီဒီယာများ၏ စွပ်စွဲချက်များမှာ မှားယွင်းကြောင်း ဇွန်လ ၂၉ ရက်တွင် ပြန်လည်ဖြေကြားခဲ့ပါသည်။

သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည် ဖြေကြားချက်များမှာ-

- ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် နန်ကျင်းစီးပွားရေးဇုန်နှင့် ပတ်သက်သည့် ဆွေးနွေးသည့် ကိစ္စရပ်များမရှိကြောင်း၊ နယ်ခြားဒေသတွင် နယ်စပ်ဒေသလုံခြုံရေးနှင့် ပတ်သက်၍ တရုတ်-မြန်မာနှစ်နိုင်ငံ တပ်မတော်အချင်းချင်း ပုံမှန်လစဉ် ဆွေးနွေးနေသည့် ဆွေးနွေးမှုများသာရှိကြောင်း။
- အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ကန်ပိုင်တည်မှ တစ်ဆင့် မြစ်ကြီးနားသို့ လာရောက်သည့် တရုတ်နိုင်ငံ တပ်မတော်ကိုယ်စားလှယ်များအား တပ်မတော်နှင့် နယ်ခြားစောင့်တပ်ဖွဲ့များက သွားရောက်ကြိုဆိုခဲ့ရာလမ်း၌ နယ်ခြားစောင့်တပ်ဖွဲ့ ရှေ့ပြေးဒုတိယယာဉ်သည် လက်နက်




ငယ်ဖြင့် ၅ ချက်ပစ်ခတ်ခံခဲ့ရကြောင်း။ သို့သော်လည်း ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မူလအစီအစဉ်များအတိုင်း နှစ်ဖက်တွေ့ဆုံမှု အစည်းအဝေးများအား အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း။

- ပစ်ခတ်သောအဖွဲ့များသည် KIA အဖွဲ့များသာဖြစ်ပြီး တရုတ်-မြန်မာနှစ်နိုင်ငံ အကြား အထင်လွဲမှားမှုများဖြစ်လာအောင် ပြည်တွင်းပြည်ပျက်မီဒီယာများကလည်း ဝိုင်းဝန်းသွေးထိုးလှုံ့ဆော်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ သတင်းအတု သတင်းအမှားများကို ပြည်ဖျက်မီဒီယာများကလည်း အမြဲတမ်း ထုတ်လွှင့်လျက်ရှိရာ ထိုကဲ့သို့ထုတ်လွှင့်မှုများကို သတိပြုကြဖို့ လိုသည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၆-၂၀၂၃)**

- **နယ်ခြားဒေသတွင် တရုတ်-မြန်မာနှစ်နိုင်ငံ တပ်မတော်အချင်းချင်း ပုံမှန်လစဉ် ဆွေးနွေးနေသည့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြစ်ကြီးနားသို့ လာရောက်သော တရုတ် နိုင်ငံတပ်မတော်ကိုယ်စားလှယ်များအား သွားရောက်ကြို ဆိုသည့် နယ်ခြားစောင့်တပ်ဖွဲ့၏ ယာဉ်တစ်စီးကို KIA အဖွဲ့များက လက်နက်ငယ်ဖြင့် ၅ ချက် ပစ်ခတ်ခဲ့ပြီး ပြည်တွင်း ပြည်ပ ပြည်ဖျက်မီဒီယာများက နယ်ခြားစောင့်တပ်က တရုတ်ကိုယ်စားလှယ် အဖွဲ့ကို ပစ်ခတ်သည်ဟုပုံဖော်ကာ တရုတ်-မြန်မာနှစ်နိုင်ငံအကြား အထင်လွဲမှားမှု များ ဖြစ်လာအောင် ဝိုင်းဝန်းသွေးထိုးလှုံ့ဆော်နေ။**

## KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့

ကယားပြည်နယ်အတွင်း နယ်စပ်ဒေသလုံခြုံရေးနှင့် ဒေသခံပြည်သူများ၏ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တောင်လှစခန်း၊မယ်တနွယ်စခန်း၊ဘီပီ-၁၄ စခန်း၊ မယ်စဲ့စခန်းနှင့် နမ်ပေါင်စခန်းတို့အား KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့က အင်အားစုအလုံးအရင်းဖြင့် ဇွန်လ ၁၃ ရက်မှ ၁၉ ရက်အထိ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ပြီး ဇွန်လ ၁၆ ရက်တွင် ပန်တိန်းဒေသရှိ တပ်မတော်ကွပ်ကဲမှုအောက် အမှတ်



**KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်ရင်းဗဟိုကင်းအား သိမ်းပိုက်ရရှိမှု**

(၁၀၀၄)နယ်ခြားစောင့်တပ်သည် ဆက်သွယ်မှုများ ပြတ်တောက်ခဲ့ပါသည်။

ဇွန်လ ၁၇ ရက် နံနက်ပိုင်းတွင် အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်အရာရှိတစ်ဦးနှင့် ဆက်သွယ်မှုပြန်လည်ရရှိခဲ့ပြီး ၎င်း၏သတင်းပို့ချက်အရ အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်မှ အသွင်ပြောင်းတပ်ဖွဲ့ဝင်အချို့သည် တပ်ဆင်ပေးထားသည့်လက်နက်၊ ခဲယမ်းများနှင့်အတူ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာဖောက်ဖျက်တောခိုခဲ့ပြီး KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့နှင့် KNDF အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းသွားကြောင်း၊ ၎င်းတပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအား သက်ဆိုင်ရာရုံး၊ အဆောက်အဦအသီးသီးတွင် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားကြောင်း သိရှိခဲ့ရသည်။

ထို့ကြောင့် ဇွန်လ ၂၈ ရက် နံနက်ပိုင်းတွင် တပ်မတော်အနေဖြင့် လေကြောင်းချီတပ်ဖွဲ့များအသုံးပြု၍ ကွန်မန်ဒိုနည်းဖြင့်ချီတက်ချဉ်းကပ်ကာ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူရယူပြီး အဆင့်ဆင့်ချီတက်တိုက်ခိုက်ခဲ့ရာ အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်ကို ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကိုကယ်တင်၍ ရဟတ်ယာဉ်များဖြင့် လုံခြုံစိတ်ချရသည့်နေရာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပါသည်။

ထို့အတူ စွတ်ပိုင်ဒေသရှိ အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်သည်လည်း ဇွန် ၁၇ ရက်တွင် ဆက်သွယ်မှုပြတ်တောက်ခဲ့သဖြင့် တပ်မတော်အနေဖြင့် လေကြောင်းချီတပ်ဖွဲ့စေလွှတ်ရန် ကြိုးပမ်းခဲ့သော်လည်း ရာသီဥတုအခြေအနေအရ အသုံးမပြုနိုင်သောကြောင့် ကွန်မန်ဒိုတပ်ဖွဲ့များဖြင့် အဆင့်ဆင့်ချီတက်တိုက်ခိုက်ခဲ့ရာ ဇွန်လ ၂၇ ရက်တွင် အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်အား ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပါသည်။ ၎င်းတပ်အား ပြန်လည်ထိန်းချုပ်ရရှိချိန်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်မှအရာရှိ၊ စစ်သည်၊ မိသားစုများပျောက်ဆုံးလျက်ရှိသဖြင့် အမြန်ဆုံးကယ်ဆယ်နိုင်ရေး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်နှင့် အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်တို့အား တိုက်ခိုက်သိမ်းပိုက်ရာတွင် အပြန်အလှန်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်မျိုးစုံ ၄၁ လက်၊ ခဲယမ်းမျိုးစုံ ၉၂၇ တောင့်၊ ဗုံးသီးမျိုးစုံ ၂၈ လုံးနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကြောင်းနှင့် တပ်မတော်မှ အရာရှိ၊ စစ်သည် အချို့ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

တပ်မတော်အနေဖြင့် KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် မယ်စဲ့ဒေသမှစခန်းအချို့အား အမြန်ဆုံးပြန်လည်သိမ်းပိုက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၃)**




KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်အား  ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်မှူးရုံးခန်းတွင် အစည်းအဝေးပြုလုပ်နေမှု







KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား  ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် ရရှိခဲ့သည့် အကြမ်းဖက်သမားများ၏  အသုံးအဆောင်ပစ္စည်းများနှင့် ကင်းစခန်းများ

**KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များအား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် ရရှိခဲ့သည့် လက်နက်ခဲယမ်းများ**












**KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ရွာသစ်မြို့၊ ရွှေကျောင်းဘုန်းကြီးကျောင်းရှိ အကြမ်းဖက်သမားများကြောင့် နေရပ်စွန့်ခွာနေရသူများအား အားပေးစကားပြောကြားနေမှု**








- KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထား သည့် ပန်တိန်းဒေသရှိ အမှတ် (၁၀၀၄) နယ်ခြားစောင့်တပ်နှင့် စွတ်ပိုင်ဒေသရှိ အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်တို့အား တပ်မတော်က လေကြောင်းချီတပ်ဖွဲ့များအသုံးပြု၍ ကွန်မန်ဒိုနည်းဖြင့်ချီတက်ချဉ်းကပ်ကာ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူရယူပြီး အဆင့်ဆင့်ချီတက်တိုက်ခိုက်ခဲ့ပြီး ပြန်လည်တိုက် ခိုက်သိမ်းပိုက်နိုင်ခဲ့။
- အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်အား ပြန်လည်ထိန်းချုပ်ရရှိချိန်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်မှအရာရှိ၊ စစ်သည်၊ မိသားစုများ ပျောက်ဆုံးလျက်ရှိသဖြင့် အမြန်ဆုံးကယ်ဆယ်နိုင်ရေး ရှာဖွေရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ။
- အဆိုပါနယ်ခြားစောင့်တပ်များအား တိုက်ခိုက်သိမ်းပိုက်ရာတွင် အပြန်အလှန် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်မျိုးစုံ ၄၁ လက်၊ ခဲယမ်း မျိုးစုံ ၉၂၇ တောင့်၊ ဗုံးသီးမျိုးစုံ ၂၈ လုံးနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကြောင်းနှင့် တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့။

## ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံ့အိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏လက်ဝေခံ PDF အကြမ်းဖက်သမားများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

ဇွန်လ ၂၉ ရက်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် မိုင်တိုင်အမှတ်၊ ၁၃၁/၆ နှင့် ၁၃၁/၇ ကြား၊ တံတားအမှတ်(၃/၁၃၂)၊ အရှည် ၉၅ ပေ၊ အကျယ် ၄၁ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ကျုံအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက် ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကျုံအိတ်တံတား၏ အနောက်ဘက်ခြမ်း ၆၆ ပေခန့် ပွဲကျပျက်စီးခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားချိန်၌ တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်နေသည့် မော်တော်ယာဉ် ၃ စီးပြုတ်ကျပျက်စီးခဲ့ကာ အပြစ်မဲ့ပြည်သူ ၁ ဦးသေဆုံးပြီး ၁ ဦးဒဏ်ရာရရှိခဲ့ပါသည်။

အဆိုပါ ဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိစဉ် အဆိုပါ အကြမ်းဖက်သမားများက Drop Bomb များအသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံလုပ်ဆောင်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ ၂ ဦးထပ်မံသေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့လဲ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူသွားလာမှုခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပါသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့်ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်သော်လည်း မော်တော်ယာဉ်ကြီးများအတွက် သွားလာရန်အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ တံတားပျက်စီးမှုအား သက်ဆိုင်ရာလမ်း/တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၆-၂၀၂၃)**

- **ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ အများပြည်သူအားထား အသုံးပြုလျက်ရှိသည့် ကျုံအိတ်တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ အနောက်ဘက်ခြမ်း ၆၆ ပေခန့် ပွဲကျပျက်စီးခဲ့ပြီး တံတားပေါ်တွင် ဖြတ်သန်းမောင်းနှင်နေသည့် မော်တော်ယာဉ် ၃ စီးပြုတ်ကျပျက်စီးခဲ့၊ အပြစ်မဲ့ပြည်သူ ၁ ဦးသေဆုံးပြီး ၁ ဦး ဒဏ်ရာရရှိခဲ့။**
- **အဆိုပါ ဖြစ်စဉ်ဖြစ်ပွားသည့်နေရာသို့ အကြမ်းဖက်သမားများက Drop Bomb များအသုံးပြု၍ အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ ၂ ဦး ထပ်မံသေဆုံးခဲ့ပြီး ၁၀ ဦးဒဏ်ရာရရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ လဲ ထိခိုက်ဒဏ်ရာရရှိခဲ့။**
- **မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့်ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်သော်လည်း မော်တော်ယာဉ်ကြီးများအတွက် သွားလာရန်အခက်အခဲများ ဖြစ်ပေါ်လျက်ရှိ။**

# ကော့ကရိတ်မြို့အတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်





**ကော့ကရိတ်မြို့အတွင်းသို့ KKO (ခွဲထွက်) အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် အမျိုးသားတစ်ဦးနှင့် ဒဏ်ရာရရှိခဲ့သည့် အမျိုးသမီးတစ်ဦး**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့အတွင်း၌ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား ဇွန်လ ၂၈ ရက်တွင် KKO (ခွဲထွက်) အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့သဖြင့် အကြမ်းဖက်သမားများ ထွက်ပြေးဆုတ်ခွာသွားပါသည်။ အဆိုပါ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကော့ကရိတ်မြို့၊ အမှတ် (၂) ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အဆိုပါ ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသား ၁ ဦးသေဆုံးခဲ့ပြီး ၃ ဦးဒဏ်ရာရရှိကာ မော်တော်ဆိုင်ကယ် ၁ စီးမီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရပါသည်။

PDF အကြမ်းဖက်သမားများသည် လက်နက်ကိုင်လမ်းစဉ်ဖြင့် နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင် အဆောက်အဦများ၊ စစ်ရေးနှင့်မသက်ဆိုင်သည့် ပြည်သူပိုင်အိုးအိမ်များအား ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသည်သာမက အများပြည်သူ စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန်နှင့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်စေရန်အတွက် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိပါသည်။ ပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသည့် မြို့ရွာအတွင်းသို့ လက်နက်ကြီးများအသုံးပြုတိုက်ခိုက်နေခြင်းသည် ပြည်သူများ၏ အသက်အိုးအိမ်ကို ပဓာနမထားဘဲ ရက်စက်ယုတ်မာစွာ ဖျက်ဆီးနေခြင်းဖြစ်သဖြင့် အဆိုပါ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်မှ ဒဏ်ရာရရှိသူများအား ကော့ကရိတ်မြို့၊ ပုလဲဖြူနာရေးကူညီမှုအသင်းမှ မော်တော်ယာဉ်ဖြင့် ခရိုင်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေခဲ့ပြီး အကြမ်းဖက်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၆-၂၀၂၃)**

- **KKO (ခွဲထွက်) အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်သမားများပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကော့ကရိတ်မြို့၊ အမှတ် (၂) ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲကာ ရပ်ကွက်နေ အပြစ်မဲ့ပြည်သူအမျိုးသား ၁ ဦးသေဆုံးခဲ့ပြီး ၃ ဦးဒဏ်ရာရရှိ၊ မော်တော်ဆိုင်ကယ် ၁ စီးပျက်စီးခဲ့။**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခိုအောင်းနေသည့် PDF အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်း



**စစ်ကိုင်းတိုင်းဒေသကြီး၊ စမွန်းကျေးရွာ၌ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာ နှင့် လက်ပံတောကျေးရွာအနီး လက်နက်/ခဲယမ်းများနှင့်အတူ ခိုအောင်းနေသော အကြမ်းဖက်အဖွဲ့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန်လ ၂၅ ရက်တွင် တိုက်ခိုက်ချေမှုန်းခဲ့ရာ အလောင်းအချို့နှင့် လက်နက်မျိုးစုံ ၄၂ လက်၊ ကျည်မျိုးစုံ ၅,၀၀၉ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် အချို့သောအကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေး၍ စဥ့်ကိုင်ကျေးရွာအနီးတွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသောအကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကာခိုအောင်းလျက်ရှိကြောင်း ဒေသခံ ပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန်လ ၂၈ ရက်တွင် သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ-

- အကြမ်းဖက်သမားအချို့၏ အလောင်းများနှင့် စနိုက်ပါသေနတ် ၁ လက် အပါအဝင် လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်း/ ဗုံးသီးများ၊ ကျည်အိမ်များ၊ ကျည်မျိုးစုံ ၁,၄၁၂ တောင့်၊ ဒီတိုနေတာ ၁၀ ခု၊ လမ်းလျှောက်စကားပြောစက် ၆ လုံး၊ လက်ကိုင်ဖုန်း ၈ လုံးနှင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့။
- ကျေးရွာအတွင်းဖော်ထုတ်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်းမှ ရှေ့တိုက်ဒုံးပစ်စင် ၄ ခု၊ လက်လုပ်ဗုံးသီး ၁၇ လုံး၊ လျှပ်စစ်ဒီတိုနေတာ ၂၈ ခုနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့။

အထက်ပါဖြစ်စဉ်များမှ ဆုတ်ခွာထွက်ပြေးသွားခဲ့သော အကြမ်းဖက်သမား အချို့သည် အခြားအကြမ်းဖက်အဖွဲ့များနှင့်ပူးပေါင်းကာ စမွန်းကျေးရွာအနီးရောက်ရှိ ခိုအောင်းနေကြောင်း ဒေသခံပြည်သူများ၏ ထပ်မံသတင်းပေးပို့ချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန်လ ၂၉ ရက်တွင် အဆိုပါကျေးရွာသို့သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ခဲ့ရာ-

- ကျေးရွာဘုန်းတော်ကြီးကျောင်းဝန်းအတွင်းရှိ VAN နှင့် CANDA အမျိုးအစား မော်တော်ယာဉ် ၂ စီးပေါ်မှ ၁၀၇ မမ ရှေ့တိုက်ဒုံးသီး ၅ လုံးအပါအဝင် လက်နက်မျိုးစုံ ၃၉ လက်၊ ကျည်မျိုးစုံ ၅၉၀ တောင့်၊ ခဲယမ်း/ ဗုံးသီးမျိုးစုံ ၁၀၄ လုံး၊ ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိခဲ့။

ဖြစ်စဉ်တွင် သိမ်းဆည်းရမိလက်နက်များနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဆိုပါလက်နက်များကိုကိုင်ဆောင်၍ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ် ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၃၀-၆-၂၀၂၃)**

- **အကြမ်းဖက်မှုလုပ်ရပ်များကိုမလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး စဉ့်ကိုင်ကျေးရွာနှင့် စမွန်းကျေးရွာများအတွင်း ခိုအောင်းနေသည့် PDF အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်းခဲ့။**
- **စဉ့်ကိုင်ကျေးရွာအနီးဖြစ်စဉ်တွင် လက်နက်မျိုးစုံ ၁၂ လက်၊ ကျည်မျိုးစုံ ၁,၄၁၂ တောင့်၊ ဒီတိုနေတာ ၃၈ ခု၊ ရှေ့တိုက်ဒုံးပစ်စင် ၄ ခု၊ လမ်းလျှောက်စကား ပြောစက် ၆ လုံး၊ လက်ကိုင်ဖုန်း ၈ လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့။**
- **စမွန်းကျေးရွာဖြစ်စဉ်တွင် မော်တော်ယာဉ် ၂ စီး၊ ၁၀၇ မမ ရှေ့တိုက်ဒုံးသီး ၅ လုံးအပါအဝင် လက်နက်မျိုးစုံ ၃၉ လက်၊ ကျည်မျိုးစုံ ၅၉၀ တောင့်၊ ခဲယမ်း/ ဗုံးသီးမျိုးစုံ ၁၀၄ လုံး၊ ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့။**

## တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်မှ ကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့နှင့်ပူးပေါင်း၍ ဆူပူဆန္ဒပြမှုများဖြစ်ပွားစေရန် နောက်ကွယ်မှသွေးထိုးလှုံ့ဆော်သူများအား ဖမ်းဆီးရမိ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ စက်ရုံ၊ အလုပ်ရုံများ၌အလုပ်သမားများ စုဝေးဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်စေရန်အတွက် တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်မှကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့မှ သူရိန်အောင်ခေါင်းဆောင်၍ သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ သွေးထိုးလှုံ့ဆော်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြည်သူလူထု၏ သတင်းပေးပို့မှုကြောင့် ဇွန်လ ၁၄ ရက်မှ ၁၇ ရက်ထိ Action Labour Right အမည်ခံအဖွဲ့မှ (၂)ဦး၊ Action Labour Right အမည်ခံအဖွဲ့အား အားပေးကူညီသူ (၁)ဦး၊ Action Labour Right အမည်ခံအဖွဲ့နှင့်ပူးပေါင်း၍ စက်ရုံများတွင် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရန် ဆောင်ရွက်လျက်ရှိသည့် ဟိုစိမ့် (မြန်မာ) အထည်ချုပ်စက်ရုံမှ (၅) ဦး၊ Sun Apparel Myanmar အ

ထည်ချုပ်စက်ရုံမှ (၂) ဦး စုစုပေါင်း (၁၀) ဦးတို့အား အသီးသီး ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံများအား စစ်ဆေးဖော်ထုတ်ချက် အရ-

- Action Labour Right အမည်ခံအဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ သူဇာ ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်မှ ၁၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၅)ရပ်ကွက်ရှိကောင်း(၁) ထမင်းဆိုင် အပေါ်ထပ်၌ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ၂၀ ဦး ခန့်အား စည်းရုံးသိမ်းသွင်းကာ ဆူပူဆန္ဒပြမှုများဖြစ်ပေါ် စေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြောင်း။
- ထိုသို့ သွေးထိုးလှုံ့ဆော်မှုကြောင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်စက်မှုဇုန်ရှိ ဟိုစိမ့်(မြန်မာ) အထည်ချုပ်စက်ရုံမှ အလုပ်သမားအချို့သည် လုပ်ငန်းခွင်ဝင်ရောက်ခြင်း မပြုဘဲ စက်ရုံရှေ့တွင်စုဝေး၍လည်းကောင်း၊
- ဇွန်လ ၁၃ ရက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ Sun Apparel Myanmar အထည်ချုပ်စက်ရုံမှ အလုပ်သမားအချို့သည် လုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ စက်ရုံအတွင်း၌စုဝေး၍လည်းကောင်း အသီးသီး ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ စက်ရုံ၊ အလုပ်ရုံများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရေး နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ရာတွင်ပါဝင်ခဲ့သည့် Action Labour Right အမည်ခံအဖွဲ့၊ ဟိုစိမ့်(မြန်မာ)အထည်ချုပ်စက်ရုံနှင့် Sun Apparel Myanmar အထည်ချုပ်စက်ရုံတို့မှ တရားခံ ၁၀ ဦးအား တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် Action Labour Right အမည်ခံအဖွဲ့မှ သူရိန်အောင်၊ သူဇာနှင့် ဆက်စပ်တရားခံများ၊ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၂၉-၆-၂၀၂၃)**

- **စက်ရုံ၊ အလုပ်ရုံများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရေး နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ရာတွင်ပါဝင်ခဲ့သည့် Action Labour Right အမည်ခံအဖွဲ့၊ ဟိုစိမ့်(မြန်မာ)အထည်ချုပ်စက်ရုံနှင့် Sun Apparel Myanmar အထည်ချုပ်စက်ရုံတို့မှ တရားခံ ၁၀ ဦးအား ဖမ်းဆီးရမိခဲ့။**

**တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်မှကြေညာထားသည့် Action Labor Right အမည်ခံအဖွဲ့နှင့် ပူးပေါင်း၍ ဆူပူဆန္ဒပြမှုများ ဖြစ်ပွားစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများ**



သူရိန်အောင်
(ထွက်ပြေးတိမ်းရှောင်)



သူဇာ
(ထွက်ပြေးတိမ်းရှောင်)



သန္တာစိုးလင်း



ဖြိုးမြတ်မြတ်သင်း



ဟိန်းမင်းဇော်



အောင်အောင်



သူသူစံ



သန္တာအေး



အေးသန္တာငွေ



မေသူမင်း



သီတာဝင်း



ကိုထက် (ခ)
လှိုင်ဝင်းထက်